The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

"တရုတ်ပန်းမန်ဆိုလျှင် ယူနန်ကို ကြည့်ပါ၊ ယူနန်ပန်းမန်ဆိုလျှင် တိုနန်ကို ကြည့်ပါ။" တရုတ်နိုင်ငံတွင် လတ်ဆတ်သော ပန်း ၁၀ ပွင့်တွင် ခုနစ်ပွင့်သည် ယူနန်ပြည်နယ်မှ ဖြစ်ပါသည်။ "ယူနန်ပန်းမန်"အမှတ်တံဆိပ်၏ တစ်ကမ္ဘာလုံးတွင် သက်ရောက်မှု မပြတ်မြင့်တက်လာသည်နှင့်အမျှ ယူနန် "လှပသောစီးပွားရေး" မှ"ပုံစံသစ်များ"ရေးဆွဲနိုင်ခဲ့ပါသည်။ အာရှတိုက်၏ အကြီးမားဆုံးသော ပန်းအရောင်းဈေးကြီးအဖြစ် ကူမင်းမြို့တိုနန်ပန်းမန်အရောင်းဈေးကြီးသည် ကြီးမားသော ရောင်းချမှုငွေပမာဏနှင့် ရောင်းချမှုပမာဏတို့ဖြင့် ယူနန်ပြည်နယ်၏ "လှပသော စီးပွားရေး"အတွက် ကြီးမားသော ပေးဆပ်မှုများကို ဆောင်ရွက်ပေးနေပါသည်။



# ယူနန် "လှပသောစီးပွားရေး"မှ "ပုံစံသစ်များ" ရေးဆွဲနိုင်ခဲ့







## "ယူနန်ပန်းမန်" ပုံစံသစ်များ ဖန်တီးလာ

တရုတ်နိုင်ငံ ပန်းမန်ရောင်းဝယ်ခြင်း၏ "ကုက္ကလံ"၊ "ပြဒါးတိုင်" အဖြစ် ကူမင်းမြို့ တိုနန်ပန်းမန်အရောင်းဈေးသည် "အာရှတိုက်ပန်းမြို့တော်" ဆိုသည့် တင်စားမှုကို ရရှိထားပါသည်၊ မကြာခင်မှ ကျော်လွန်လာခဲ့သည့် တရုတ်နိုင်ငံ နွေဦးပွဲတော်ပိတ်ရက်ကာလတွင် တိုနန်ပန်းဈေး၏ ပန်းရောင်းချမှု စုစုပေါင်းပမာဏသည် ပန်းပွင့်ပေါင်း(၂၈၄ ဒသမ ၅၂၃)မီလီယံရှိပြီး ရောင်းချမှုငွေပမာဏသည် တရုတ်ယွမ်ငွေ (၃၉၆ ဒသမ ၆၁၄၆ )မီလီယံဖြစ်ပါသည်။

ယခုနှစ်များတွင် တိုနန်ပန်းဈေးတွင် "ရောင်းအားကောင်း" သည်မှာ ပန်းရောင်းချခြင်းသာမကပဲ လူများလည်း စည်ကားလှပါသည်။ ကူမင်းမြို့နေပြည်သူ၊ ပြည်သားများအတွက် တိုနန်ပန်းဈေးသို့ လာရောက်လည်ပတ်ပန်းရှုစားခြင်း၊ ပန်းဝယ်ခြင်းသည် ရိုးရာလုပ်ရိုးလုပ်စဉ်တစ်ရပ် ဖြစ်နေပါပြီ။ တိုနန်ပန်းဈေး၏ နာမည်ပိုမို ကျော်ကြားလှသည်နှင့်အမျှ များပြားလှစွာသော အခြားအရပ်မှလာသည့် ခရီးသွားများသည်လည်း ဤနေရာသို့ လာရောက်လည်ပတ်ကြပြီး "အာရှတိုက်ပန်းမြို့တော်" ၏ ညို့အားကို ခံစားကြပါသည်။

ယခုနှစ် နွေဦးပွဲတော်ပိတ်ရက်ကာလတွင် (၃)သိန်းနီးပါးသော ခရီးသွားများသည် ကူမင်းမြို့ တိုနန်ပန်းဈေးသို့ ပန်းလာရောက်ဝယ်ယူခဲ့ကြပြီး နေ့စဉ် ဝယ်သူပမာဏမှာ လူဦးရေ (၃ ဒသမ ၅)သောင်းကျော်ခဲ့ကာ ပန်းရောင်းချမှုပမာဏမှာလည်း ဆက်တိုက်မြင့်တက်လာပါသည်။

"ယူနန်ကို လာရင် ပန်းကတော့ ကျွန်တော်တို့ ပြန်သယ်သွားရမယ့် အထူး အမှတ်တရလက်ဆောင်ပါပဲ။" ကျန်းစူးပြည်နယ်မှလာသည့် ခရီးသွားရန်ကျွင်းမှ သူနှင့် မိသားစုဝင်များသည် ယခုနှစ် နွေဦးပွဲတော်တွင် ယူနန်ပြည်နယ်သို့ အထူးတလည် လာရောက်နှစ်သစ်ကူးခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ဖေဖော်ဝါရီ (၁၇)ရက်သည် ပိတ်ရက်ကာလ၏ နောက်ဆုံးရက်ဖြစ်ပြီး ရန်ကျွင်းတို့ မိသားစုသည် တိုနန်ပန်းဈေးတွင် အချိန် ၄ နာရီကျော်ကြာ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း၊ ပန်းဝယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

တိုနန်ပန်းဈေးတွင် အသွေးအရောင်စုံလင်သော၊ ပုံသဏ္ဌာန်မျိုးစုံသော ပန်းမန်များသည် ပန်းဆိုင်တိုင်းတွင် ခင်းကျင်းထားပြီး ခရီးသွားများ ဓာတ်ပုံရိုက်ကူးခြင်း၊ ရွေးချယ်ဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။ တိုနန်ပန်းဈေးမှ ဝယ်ယူလာသည့် ပန်းမန်များသည် ခရီးသွားများနှင့်အတူ တရုတ်တစ်နိုင်ငံလုံးမှသည် ကမ္ဘာအရပ်ရပ်သို့တိုင် လျှောက်လှမ်းသွားပါသည်။

ထို့ပြင် တိုနန်ပန်းဈေးသည် ပန်းမန်များ၏ အရောင်းအဝယ်နေရာတစ်ခု ဖြစ်သည်သာမက ပန်းအလှထိုးဆရာများ၏ အနုပညာပြသရာစင်မြင့်လည်းဖြစ်ကာ နေ့စဉ်နေ့တိုင်း ထွန်းသစ်စ ဖန်တီးမှုနှင့် လက်ရာများ ထွက်ပေါ်လာပြီး ပန်းမန်လုပ်ငန်းတစ်ခုလုံးအတွက် တက်ကြွမှုများကို စဉ်ဆက်မပြတ် သွတ်သွင်းပေးနေပါသည်။

ပန်းအလှထိုး ဆရာအဖြစ် ၁၀ နှစ်ခန့် လုပ်ဆောင်လာသည့် ရန်ချောင်ယန့်မှ "လူတွေက ဘ၀ နေထိုင်မှု အရည်အသွေးအပေါ် လိုက်စားမှုက ပိုပိုပြီး မြင့်မားလာတော့ ပန်းအလှထိုးခြင်းက ဒီဇိုင်း၊ အလှတရား၊ အသွေးအရောင်၊ နေရာချထားမှု စတဲ့အပိုင်းတွေ အကုန်လုံး တစ်သားတည်းပါဝင်တဲ့ အနုပညာတစ်ရပ်အဖြစ် လူတို့ကို ပိုမိုလှပတဲ့ ခံစားမှုတွေ ပေးအပ်နိုင်ပါတယ်" ဟု ဆိုပါသည်။

## "ယူနန်ပန်းမန်" ပြေးလမ်းသစ်သို့ ဝင်ရောက်လာ

နေ့စဉ်နှင့်အမျှ ကူမင်းမြို့ ပန်းမန်လေလံတင်ရောင်းဝယ်ရေးစင်တာတွင် ပန်းမန်လေလံဆွဲဆရာများသည် စကရင်ပေါ်သို့ စူးစိုက်ကြည့်၍ လက်မှ လျှင်မြန်စွာ ကီးဘုတ်ကို ရိုက်နှိပ်ခြင်းဖြင့် မိမိတို့နှစ်သက်သော ပန်းမန်များကို ဝယ်ယူကြပါသည်။ ဤရောင်းဝယ်ရေး စင်တာသည် တစ်ဖက်တွင် ပစ္စည်းထောက်ပံ့သူ ၃၀၀၀၀ ကျော်ကို ချိတ်ဆက်ထားပြီး တစ်ဖက်တွင် ရောင်းချသူများမှ အမျိုးအစား ၄၀ ကျော်၊ မျိုးစိတ် ၃၀၀၀ ကျော်ရှိသည့် ပန်းများကို နိုင်ငံနှင့် ဒေသပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချပေးနေပါသည်။

ယခုနှစ်များတွင် ကူမင်းမြို့သည် ပန်းမန်လုပ်ငန်း၏ ဒစ်ဂျစ်တယ်ပြောင်းလဲမှု၊ သတင်းအချက်အလက်ပြောင်းလဲမှု၊ စမတ်ပြောင်းလဲမှု အရည်အသွေးများကို မပြတ်မြှင့်တင်ခြင်းဖြင့် ရောင်းဝယ်မှုပုံစံသစ်ကို ရှာဖွေခဲ့ပါသည်။ ဒစ်ဂျစ်တယ်ပြောင်းလဲမှုမှတစ်ဆင့် ပန်းမန်စီးပွားရေးကို အားအင်ဖြစ်စေခဲ့ပြီး ကူမင်းမြို့၏ "စိတ်ကူးယဉ်ဆန်သော လုပ်ငန်း" သည် အွန်လိုင်းမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ရောင်းချနိုင်ခဲ့ပါသည်။

"ရောင်းဝယ်မှုပုံစံရဲ့ အသစ်ဖန်တီးမှုက မြင့်မားမှုတစ်ခုကို သယ်ဆောင်ပေးလာပါတယ်။ 'ယူနန်ပန်းမန်'ရဲ့ အရှေ့လေကို စီးနင်းလို့ ကျွန်မတို့က ပန်းမန်လုပ်ငန်းတိုက်ရိုက်ထုတ်လွှင့်မှုလုပ်ငန်းရဲ့ အောင်မြင်လာမှုကို သက်သေထူနိုင်ခဲ့ပါတယ်" ဟု ယူနန် ပန်းဘုရင်မ အွန်လိုင်းသိပ္ပံနည်းပညာကုမ္ပဏီလီမိတက် တိုက်ရိုက်ထုတ်လွှင့်သူ လီရှန်မေက ပြောသည်။

၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းဖွားအမျိုးသမီးငယ်ဖြစ်သည့် ရှစ်တျယ်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် "အိမ်နေပန်းမန်"ရောင်းဝယ်ရေးဈေးကွက်ထဲသို့ ဝင်ရောက်လာခဲ့ပြီး ဗီဒီယိုအတိုများ၊ တိုက်ရိုက်ထုတ်လွှင့်မှုများဖြင့် ပန်းမန် E-commerce ကို လုပ်ဆောင်ခဲ့ပါသည်။ နှစ်နှစ်တာကာလအတွင်း သူမ၏ Tik Tok အကောင့်တွင် ဖန်အရေအတွက်သည် ၁၄၊ ၁၅ ယောက်မှ တစ်သန်းအထိ တိုးပွားလာခဲ့ပြီး တစ်နှစ်ရောင်းအားသည် တရုတ်ယွမ်ငွေ သန်း ၃၀ အထိ ရောက်ရှိခဲ့သည်။

" ၂၀၂၂ ခုနှစ်အစောပိုင်းကနေ အခုအထိ ကျွန်မတို့ စုစုပေါင်း ပန်းပွင့်ပေါင်း သန်း ၁၀၀ လောက် ရောင်းချခဲ့ပါတယ်။"ရှစ်တျယ်မှ ပိုမိုများပြားသော ဒေသခံပန်းမန်လုပ်ငန်းတိုက်ရိုက်ထုတ်လွှင့်မှုများ Tik Tok E-commerce ပလက်ဖောင်းသို့ ပါဝင်လာကြသဖြင့် ယူနန်ပြည်နယ် ပန်းမန်လုပ်ငန်းအတွက် ကြီးမားသော တက်ကြွမှုများ သွတ်သွင်းပေးနိုင်ပြီး သိန်းချီသော ပန်းမန်စိုက်ပျိုးသူအတွက်လည်း ပိုမိုကောင်းမွန်သော အရောင်းလမ်းကြောင်း တည်ဆောက်ပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အထွေထွေဆောင်းပါး